Appendix (4-A)
နောက်ဆက်တွဲ (၄-က)

# ဘာသာရေး သင်္ကြန်းစာ

## ဘာသာရေး သင်္ကြန်းစာနှင့် ပတ်သက်၍ နိုင်ငံတော

## ဝန်ကြီးချုပ် ဦးနု၏

၁၉၅၄ – ခုနှစ် စက်တင်ဘာလ ၂၅ – ရက်နေ့ ညတအသံလွှင့် ရှင်းလင်းချက်

# ဘာသာရေး သစ်ကျမ်းစာ

## ဘာသာရေး သစ်ကျမ်းစာနှင့် ပတ်သက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏

### ၁၉၅၄ – ခုနှစ် စက်တင်ဘာလ ၂၅ – ရက်နေ့ ညကအသံလွှင့် ရှင်းလင်းချက်

စလေဆရာကြီး ဦးပုည က 'အိမ်တောင်ပြု ဘုရားတည် ဆေးမင်ရည် စုတ်ထိုး ဒီသုံးခု ချက်မပိုင်ရင် ရှောင်ပြင်နိုင်ခဲ့သည့်အမျိုး' လို့ ကဗျာစပ်ဆိုရေးသားခဲ့ဘူးပါတယ်။

အမှန်စင်စစ်ဆိုရင် ကနဦးက ချက်မပိုင်ရင် နောင်ပြင်နိုင်ခဲ့တဲ့ အမျိုးအမည်များဟာ ဒီသုံးခုသာမကသေးပါဘူး အခြောက်အမြားပင်ရှိပါသေးတယ်။

ဥပမာ တိုက်တလုံးကိုဆောက်တယ် ဆိုကြပါစို့၊ ဒီတိုက်ကို အုတ်မြစ်ချကထဲက တိုက်ဆောက်သူတွေဟာ ချက်ပိုင်အောင် လုပ်ကြရပါတယ်။ အဲဒီအုတ်မြစ်ချရမဲ့ နေရာမှာ တဖက်ကမြေမာပြီး တဖက်ကမြေပျော့နေရင် အားလုံးမြေတွေ ညီတူညီမျှဖြစ်အောင် ညှိပေးရပါတယ်။

တွင်းတို့ချိုင့်တို့ရှိပြန်ရင်လဲ အခြားဘက်တွေနဲ့ညီအောင် ဒီတွင်းတွေချိုင့်တွေကို အခြားတဖက်က မြေတွေနဲ့ညီအောင် လိုအပ်တဲ့ နည်းတွေနဲ့ဖို့ပေးကြရပါတယ်။

အဲဒီလိုအုတ်မြစ်ချရမဲ့ နေရာအားလုံးကို ညီညာတ်အောင်လုပ်ပြီးမှ တိုက်ဆောက် ကြပါတယ်။ ဒီလိုကနဦးကချက်ပိုင်အောင်မလုပ်ဘဲ သာမန်ကာရှန်ကာတိုက်ဆောက်လုပ်မယ်ဆိုရင် ဒီတိုက်ဟာ မြေပျော့တဲ့ဘက်ကသော်၎င်း တွင်းတွေချိုင့်တွေ တဲ့ဘက်ကသော်၎င်း မကြာခင်စပြီးပြိုမှာဘဲ။

အဲလိုဘဲ နိုင်ငံတနိုင်ငံကို တည်ဆောက်ရ နေရာမှာလဲ ကနဦးကဘဲ ချက်ပိုင်အောင်လုပ် တယ်။ တိုက်ဆောက်တဲ့ နေရာမှာ အုတ်မြစ်ချ မြေကို အဖတ်ဖက်မှာ ညီညွတ်အောင်လုပ်ပေး လို ဒီနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ လူမျိုး သီးသီးတို့လဲ သူကြီးနိမ့်မြင့်သဘောမထားဘဲ ကြ ကသားရဲ့သား၊ ရင်ကသားလဲသား၊ သဘော ပြီး အညီအညွတ်ဖြစ်အောင် ဒီနိုင်ငံကိုတည်ဆေ တဲ့လူတွေဟာ အထူးဂရုပြုကြရမယ်။

ဒီအချက်ကိုအထူးဂရုမပြုမိဘဲလူများ တဲ့ လူတစုဟာဘဝင်တွေမြင့်သွေးတွေနထင်ရှေ ပြီး လူနည်းစုတွေအပေါ်မှာ သဘောထားမကြီ မထောက်ထားမညှာတာနိုင်ဘဲ နိုင်လိုမင်းထက် ကျင့်ကြမယ်ဆိုရင် အဲဒီနိုင်ငံဟာ မတည်တံ့ မြဲနိုင်ဘူး ကြာရှည်မခံဘူး မြေပျော့တွေ တွင်း ချိုင့်တွေကို အခြားဘက်က မြေတွေနဲ့ညီ အောင် ဂရုမစိုက်ခဲ့ဘဲ သာမန်ကာရှန်ကာ ဆောက်ခဲ့တဲ့ တိုက်တလုံးဟာ အဲဒီမြေပျော့ တွင်းတွေချိုင့်တွေဘက်ကစပြီး ပြိုပျက်ရသလို နိုင်ငံဟာလဲ နိုင်လိုမင်းထက် အလုပ်ခံရတဲ့ တွေကစပြီးပြိုပျက်ရမှာဘဲ။

အခုကျွန်တော်တို့ပြည်ထောင်စုမြန်မာ ဟာ လွတ်လပ်ရေးရဒါ ၆-နှစ်မျှသာ ရှိပါ

ပြည်ထောင်စုရဲ့ မြောက်ဘက် အစွန်ဆုံး အပိုင်းနှင့် အရှေ့မြောက်ဘက်ဆီမှာ ကချင်အမျိုးသားများနဲ့ ရှမ်းအမျိုးသားများ နေထိုင်ကြတယ် ဒီကချင် အမျိုးသားများနဲ့ ရှမ်းအမျိုးသားများတို့ နေထိုင်ကြတဲ့ ပြည်နယ်များနဲ့ တရုတ်နိုင်ငံ ယိုးဒယားနိုင်ငံ လောနိုင်ငံတို့နဲ့ နယ်ချင်းဆက်စပ်လျက်ရှိကြတယ်။

အဲဒီကချင်နဲ့ ရှမ်းအမျိုးသားများအနက် ရှမ်းများဟာ များသောအားဖြင့် ဗုဒ္ဓဘာသာတွေဖြစ်ကြပြီး ကချင် အမျိုးသားများဟာ များသောအားဖြင့် ခရစ်ယန်နှင့် နတ်ကိုးကွယ်သူများဖြစ်ကြတယ် ခရစ်ယန်ဘုန်းကြီးတွေဟာ ကချင်ခရစ်ယန်တွေအပေါ်မှာ အများကြီးသြဇာရှိကြတယ်။

ပြည်ထောင်စုရဲ့ အနောက်တောင်ဘက်မှာ ရခိုင်တိုင်းရှိတယ် အဲဒီရခိုင်တိုင်းရဲ့ စစ်တွေခရိုင်ထဲမှာ ဘူးသီးတောင်နဲ့ မောင်းတောဆိုတဲ့ မြို့နယ် ၂-နယ်ရှိတယ် အဲဒီမြို့နယ် ၂-နယ်ဟာ အရှေ့ပါကစ္စတန်နဲ့ နယ်ချင်းစပ်လျက်ရှိတယ် ဒီဘူးသီးတောင်နဲ့ မောင်းတောမြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်ထောင်စုသားများမှာ များသောအားဖြင့် ရှုးဟင်ဂျာ အမျိုးသားများ ဖြစ်ကြပြီး မွတ်ဆလင်မ်များ ဖြစ်ကြတယ်။

အဲဒီ ဘူးသီးတောင်နဲ့ မောင်းတောမှာ မှဂျာဟစ်ဆိုတဲ့ ဆူပူသောင်းကျန်းသူများရဲ့ ဂိုဏ်းတဂိုဏ်း ရှိတယ် ဒီဂိုဏ်းရဲ့ အဓိက ရည်ရွယ်ချက်တရပ်ကတော့ အခြားဟာမဟုတ်ဘူး ဒီဘူးသီးတောင်နဲ့ မောင်းတောကို ပြည်ထောင်စုမှ ခွဲထုတ်ပြီး သီးခြား မွတ်စလင်မ် နိုင်ငံထူထောင်ရန်ပင်ဖြစ်တယ်။

အခု ပြောခဲ့တာတွေက ပြည်ထောင်စုရဲ့ နယ်ခြားဒေသတွေမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေသာ ဖြစ်သေးတယ် ပြည်တွင်းမှာ ဆိုရင်လဲ သူပုန်ရောင်စုံဟာ ခါးဆစ် ကျိုးရုံသာ ကျိုးသေးတယ် လုံးလုံးအသက်ထွက်မသွားသေးဘူး ... ငါးတန် လုပ်ငန်းတွေဟာလဲ စရုံသာ စကြ... တယ် ကျကျနနတောင် အကောင် အထည်... တာ မဟုတ်သေးဘူး။

အဲဒီတော့မှိုင်ပေါင်း ၂-ထောင်... ရှည်လျားတဲ့ နယ်ခြားဒေသကြီးကို ကာကွယ်... တာဝန်တွေ လူမျိုးပေါင်းစုံဖြစ်နေတဲ့ ပြည်ထော... စုသားတွေဟာ ပြည်ထောင်စုမှတပါး အခြား... တွေကို မျှော်မကြည့်အောင် လုပ်ပေးဘို့ တာ... တွေ ပြည်တွင်းကို နည်းအမျိုးမျိုးနဲ့ ဝင်လာ... လက်ရပ်မခေါ်ကြအောင် လုပ်ပေးဘို့ တာဝန်...

-• နှစ်ခါ — ဝတ်ပြုမှ •-
ကိုးလက်မလွတ်လျှင်
ဓနုဥကိုယ်ရောစိတ်ဝိဉာဉ်ပါ
အမြဲတန်းသန့်ရှင်းနေမည်။

ရောင်စုံသူပုန်တွေကို လူမျိုးမရွေး ဘာသာ... အုံကြပြီး နှိမ်နင်းဘို့တာဝန်တွေကို ကိုယ်တိုင်... ပြီး မထမ်းတောင် သူပုန်တွေထဲကို ရောရော... ပါမသွားအောင် လုပ်ပေးဘို့ တာဝန်တွေ ... တန် ပါဝင်တဲ့ ဘုဝသစ်ဖန်တီးရေး လုပ်... ကြီးကို လူမျိုးမရွေး ဘာသာမရွေး ကြည်ဖြူ... ဖြူဖြူ ရက်ရက် ရောရော ထမ်းဆောင်ကြ... လုပ်ပေးဘို့တာဝန်တွေ အဲဒီ တာဝန်... သေးငယ်တဲ့ တာဝန်တွေမဟုတ်ဘူးဆိုတာ... တော်အထူးပြောနေဘို့မလိုပါဘူး ရဟန်းရှင်... ကုန်လုံးသိပြီးသားဖြစ်တယ်လို့ ကျွန်တော်ယုံ... ပါတယ်။

နိုင်တယ်ဆိုတာ ဖေါ်မပြောပါရစေနဲ့၊ ကျေး ကြည့်ရင်သိနိုင်ပါတယ်။

နောက်ပြီးတော့ ကေအင်ဒီအိုတွေထဲမှာ အတော်ခပ်များများဟာ အားလုံးသိကြတဲ့ အတိုင်း ဘဲ အေဘီအမ်ခရစ်ယာန် ဂိုဏ်းဝင်တွေဖြစ်တယ်။

အဲဒီ ကေဘီအမ်ဂိုဏ်းဝင် ကေအင်ဒီအို သူပုန်တွေဟာ ဘာသာရေးကို တန်းပြပြီး အေ ဘီအမ် ဘာသာဝင်တွေကို သူတို့ဘက် ပါလာ အောင် ဆွဲဆောင်ကြသေးတယ်။

အစိုးရရဲ့ ဘာသာရေးလမ်းစဉ်ကသာ မှ မမှန်ခဲ့ရင် အေဘီအမ် ဂိုဏ်းဝင်တွေ အတော်ခပ် များများဟာ ကေအင်ဒီအိုတွေ ဘက်ကို ရောက် သွားနိုင်တယ်။

အစိုးရရဲ့ ဘာသာရေးလမ်းစဉ်က မှန်ခဲ့ တဲ့ အတွက်အေဘီအမ် ဂိုဏ်းဝင်ခပ်များများဟာ အစိုးရကိုထောက်ခံခဲ့ကြတယ်။

အစိုးရကို မထောက်ခံတဲ့ အေဘီအမ် ဂိုဏ်းဝင်တွေကျတော့လဲ သူပုန်တွေဘက်ကိုပါမ သွားဘဲ ကြားထိုင် နေကြတယ်။

နောက်ပြီးတော့လဲ အတော်ထူးဆန်းတဲ့ ကိစ္စတခုရှိသေးတယ်၊ မကြာသေးခင်က နိုင်ငံခြား အစိုးရတခုက ကျနော်တို့ အစိုးရဆီကို ကျွန် တော်တို့ သံရုံးက တဆင့် အကြောင်းကြားစာ တ စောင်ပို့လိုက်တယ်။

အဲဒီ အကြောင်းကြားစာကို ရှင်းရှင်းပြောရ ရင် ဝန်ကြီးက ‘ဝန်ကြီးချုပ်ခင်ဗျား– အင်မတန်အရေးကြီးတဲ့ စာတစောင်ကို အခု ချက်ခြင်းယူလာပါရစေ။ ။

ဒီစာဟာ နိုင်ငံခြားတခုက စစ်မကြေညာ ခင် ပေးပို့လိုက်တဲ့ ရာဇသံနဲ့ သိပ်ပြီး တူနေ တယ်’ လို့ အရေးတကြီး ကျွန်တော့ကို တယ်လီ ဖုန်းနဲ့ပြောတယ်။

အဲဒီ ဝန်ကြီး ရောက်လာလို့ စာကို ဖတ် ကြည့်တော့ စာဟာအင်မတန်ပြင်းထန်တဲ့ စာ တစောင်ဖြစ်နေတာကို တွေ့ရတယ်။

စာရဲ့ အဓိပ္ပါယ် တိုတိုကတော့ နိုင်ငံတို့ တိုင်းပြည်မှာ ဘာသာဝင်တချို့ကို မင်းတို့ အစိုးရ က နှိပ်စက်နေတယ်လို့ ကြားသိရတယ်။

အဲဒါကိုမင်းတို့ ရပ်တန့်ကြရပ် မရပ်ရင်ဒါ ဘဲ’ ဆိုတဲ့ အဓိပ္ပါယ်မျိုးဘဲဖြစ်တယ်။ ကျွန်တော် တို့ကဒီစာနဲ့ပတ်သက်ပြီးဘာမှ အကြောင်းမပြန် ဘူး။

ဒါပေမဲ့ အနှိပ်စက်ခံနေတယ်လို့ စွပ်စွဲထား တဲ့ ဘာသာဝင်တွေကိုယ်တိုင်က အဲဒီ အစိုးရဆီ ကို စာတိုစာရှည်တွေပြန်ပြီးရေးကြတယ်။ အဲဒီ အစိုးရလဲ သူတို့ဟာသူတို့ မှားမှန်းသိလိုက်ပုံ ရ တယ်။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး နောက် ထပ်ဘာသံမှ မကြားရတော့ဘူး။ ကျွန်တော်တို့ ရဲ့ ဘာသာရေး လမ်းစဉ်ကသာ မှုမမှန်ဘူးဆိုရင် ဒီကိစ္စဟာ ဘယ်လောက်အထိ ဆိုးရွားလာနိုင် စရာအကြောင်း ရှိတယ်ဆိုတာ ကျွန်တော်တော့ ဖေါ်မပြလိုတော့ပါဘူး– စဉ်းစားသာကြည့်ကြပါ တော့။

ရခိုင် ပြည် ရှိတဲ့ ဘူး သီး တောင် ... တောဆိုတဲ့ အရပ်တွေမှာ အများအားဖြင့် မှတ် စလင်မ် တွေနေကြတယ်ဆိုတာ ကျွန်တော်ပြော ခဲ့ပြီးပါပြီ။

အဲဒီအရပ်က မွတ်စလင်မ် ခေါင်းဆောင် တွေကိုယ်တိုင်က နိုင်ငံတော်အစိုးရပေါ်မှာ ကျွန် တော်တို့ရဲ့ သစ္စာမဏ္ဍိုင်ဟာ ... တွေ့မှ